**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**

Website: www.cnfhqr.com Email: cnf.headquarters@gmail.com

**“ဝမ်းနည်းကြောင်း သဝဏ်လွှာ”**

**၂၀၂၅ ခုနှစ်၊ မေလ (၁၉) ရက်**

ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ နိုင်ငံရေးနှင့် စစ်ရေး ဦးဆောင်အကြံပေးပုဂ္ဂိုလ် ဖြစ်ဗိုလ်မှူးကြီးစောထူးထူးလေးသည် ၂၀၂၅ ခုနှစ်၊ မေလ (၁၇) ရက်နေ့ညပိုင်းတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းရပါသည်။

ဗိုလ်မှူးကြီးစောထူးထူးလေးသည် ၁၉၇၉ ခုနှစ်မှ စတင်ကာ KNU နဲ့အတူ ကရင့်အမျိုးသားတော်လှန်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူဖြစ်ပြီး KNDO ဒုတိယစစ်ဦးစီးချုပ်၊ KNU ၏ အထွေထွေအတွင်းရေးမှူး (၁)၊ (၂)နှင့် စစ်ရေးနှင့်နိုင်ငံရေးအကြံပေး စသည့် ကြီးမားသော အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပြီး ယခင်အစိုးရလက်ထက် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးစဉ်ကာလတွင်လည်း တိုင်းရင်းသားတော်လှန်ရေး အစုအဖွဲ့ဘက်မှ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် မားမားမတ်မတ် ရပ်တည်ခဲ့သူ ဖြစ်သည်။ ဗိုလ်မှူးကြီး ကွယ်လွန်ခြင်းသည် ကရင်တစ်မျိုးသားလုံးအတွက် သာမက ပြည်ထောင်စု ပြည်သူတစ်ရပ်လုံးနှင့် တိုင်းရင်းသားတော်လှန်ရေးအတွက် ကြီးမားသော ဆုံးရှုံးမှုဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးအနေဖြင့် ကွယ်လွန်သူ ဗိုလ်မှူးကြီးစောထူးထူးလေး၏ မိသားစု၊ မိခင်အဖွဲ့အစည်း ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ ကျန်ရစ်သူမိသားစုအပေါ်တွင်လည်း ဘုရားသခင်ထံမှ ငြိမ်သက်ခြင်း၊ နှစ်သိမ့်ခြင်း ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ချင်းအမျိုးသားတပ်ဦး

Chin National Front – General Headquarters, Chinland